# ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများဖြစ်သည့် အင်ဂျင်နီယာများ၏ခံယူချက်၊ အင်ဂျင်နီယာများ၏ ကတိခံဝန်ချက်များ၊ အင်ဂျင်နီယာများ လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးစည်းမျဉ်းများ၊ အင်ဂျင်နီယာများ၏ အတတ်ပညာဆိုင်ရာတာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ရန်၊

(၂) ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေး အသိစိတ်ဓာတ် အင်ဂျင်နီယာများအတွင်း ပြန့်ပွားရေးကို ဆောင်ရွက်ရန်၊

(၃) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊ အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာများကို အင်ဂျင်နီယာများအနေဖြင့် ကျွမ်းဝင်ထိတွေ့လိုက်နာမှုရှိမရှိ စစ်ဆေးကြပ်မတ်ရန်၊

(၄) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာဖောက်ဖျက်ကျူးလွန်သော အင်ဂျင်နီယာများကို အရေးယူဆောင်ရွက်ရန်၊